# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 6, 2020 Volume 29, Number 4


၆.၃.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၇၉/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၅၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၃၅၅/- ကျပ် |
| CBM Rate | = ၁၃၇၀.၆ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၇.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၀.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၈.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၅၇၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကရင်ပြည်နယ်တွင် ကိုကိုးပင်ကို ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးရန်ကူညီပေးနေ




ကရင်ပြည်နယ်ရှိ တောင်သူများဝင်ငွေတိုးပွားလာစေရန် သီးနှံတစ်မျိုးတည်း စိုက်ခြင်း ထက် ဈေးကွက်ကောင်းလာသည့် ကိုကိုးသီးနှံ ကြားညှပ်စိုက်ပျိုးရန် ပံ့ပိုးပေးနေကြောင်းသိရသည်။ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထိုက်က “ကြားညှပ်သီးနှံ စိုက်ဖို့ဆိုရင်ကိုကိုးသီးနှံရဲ့ ဈေးကွက်ကကောင်းတယ်။ တစ်ဖက်မှာလည်း ဒါကို စိုက်နိုင်ဖို့လည်း အမြင်ဖွင့်သင်တန်းတွေပေးနေတယ်။ ဒီလိုပေးနိုင်ဖို့ကိုလည်း ကိုကိုးစိုက်ပျိုးမှု ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ သင်တန်းပေးနေသလို ကိုကိုးသီးနှံစိုက်ပျိုးနည်း၊ ကိုကိုး ထုတ်လုပ်မှုစနစ်၊ အချဉ်ဖောက်၊ အခြောက်လှန်းတာ၊ သိုလှောင်စနစ်၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းနဲ့ ချောကလက်ပြုလုပ်ပုံအဆင့်ဆင့်ကို သင်တန်းပေးတာ ဖြစ်တယ်”ဟု ပြောသည်။

တောင်သူများ ရော်ဘာပင်နှင့်ကွမ်းပင်ကြားတွင် ကိုကိုးသီးနှံကို သီးညှပ်သီးနှံ အဖြစ် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ ကိုကိုးသီးနှံအစေ့အဆန်များက ချောကလက်ပြုလုပ်နည်းများ သိရှိဖြန့်ဖြူးပေးနိုင်ရန်နှင့် ဒေသထွက်ကုန်အဖြစ် တင်ပို့ ရောင်းချနိုင်စေရန် ရည်ရွယ်ကြောင်းသိရသည်။ ပြင်ဦးလွင်မြို့နယ်၊ သံတောင်ကြီး မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့က ထွက်ရှိသည့် ကိုကိုးအစေ့၏ အရည်အသွေး အဆင့်သည် ဈေးကွက်အဆင့်မီသည့် အရည်အသွေးရှိကြောင်းသိရသည်။ ကိုကိုး

တစ်ပင်စိုက်ပျိုးလျှင် အသီး ထွက်နှုန်း အလုံး ၈၀ ကျော်ရှိကြောင်း၊ အပင်၂၀၀ စိုက်လျှင် ဝင်ငွေ သိန်း ၃၀ နှင့်အထက်ရရှိကြောင်း၊ တစ်နှစ်ပတ်လုံး သီးပွင့်လေ့ရှိကြောင်း၊ အပင်စိုက်ပျိုးစရိတ်သက်သာသည့်အတွက် ရေရှည်တွင် ဈေးကွက် ခိုင်မာသည့် သီးနှံအမည်တစ်ခုဖြစ်ကြောင်းသိရသည်။ ကရင်ပြည်နယ်အစိုးရက စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရန် စိုက်ပျိုးနည်းများကို မိရိုးဖလာအဆင့်က စီးပွားဖြစ်နည်းလမ်းများ အသုံးပြုနိုင်ရန်၊ ရေမြေရာသီဥတုနှင့် ကိုက်ညီ သော ကိုကိုးသီးနှံကို တောင်သူလယ်သမားများ ကျယ်ပြန့်စွာ စိုက်ပျိုးကာကုန်ချောအဆင့်ထိ ထုတ်လုပ်လာနိုင်ရန်၊ သီးနှံစိုက်ပျိုးနည်းမှ ကုန်ချောအဆင့်ထိ ထုတ်လုပ်နည်းများကို သင်တန်းများပေးခြင်း၊ တောင်သူလယ်သမားများ ဝင်ငွေ တိုးတက်ရရှိစေရန် ကြားညှပ်သီးနှံများအတွက်မျိုးကောင်းမျိုးသန့် ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် စားဖိုဆောင်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် အားပေးကူညီခြင်း၊ ပန်းမျိုးစုံမျိုးကောင်းရရှိစိုက်ပျိုးစေခြင်း၊ မှိုနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မျိုးစေ့ကူညီခြင်းဖြင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်ပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို ထိုင်းဘက်သို့တင်ပို့နိုင်ရေး ဦးတည်ဆောင်ရွက်နေကြောင်းသိရသည်။ လက်ရှိတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာ အတွက် လိုအပ်သည့်အာဟာရဓာတ်များသိရှိနိုင်ရန် မြေဆီလွှာကိုဓာတ်ခွဲစစ်ဆေးခြင်း၊ သီးနှံပင်ကြီးထွားရန် မြေဩဇာ ထည့်သွင်းရမည့်နှုန်းထားမှန်ကန်စေရန် သင်တန်းပေးခြင်း၊ သီးနှံများတွင်ကျရောက်သည့် မိတ်ဆွေပိုးများ၏အကျိုးပြုပုံ၊ ရန်သူပိုးများ၏ ကိုက်ဖြတ်စားသောက်ဖျက်ဆီးပုံလက္ခဏာများနှင့် ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းနည်းပညာပေးများကို ကဏ္ဍ အလိုက် ဆောင်ရွက်လျက်ရှိနေကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/

## တရုတ်ပို့မည့် သစ်သီးကားအစီးရေ ၁၇၀ ကျော် လမ်းတွင်ဆက်လက်ပိတ်ဆို့

တရုတ်နိုင်ငံဘက်က စစ်ဆေးမှုကြန့်ကြာသောကြောင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်တင်ပို့မည့် သစ်သီး များသည် ကျင်ဆန်းကျော့လမ်းတွင် ကားအစီးရေ ၁၇၅ စီး ဆက်လက်ပိတ်ဆို့လျက်ရှိကြောင်း ချာညိုသစ်သီးပွဲရုံထံမှ သိရသည်။ စစ်ဆေးမှုကြန့်ကြာသောကြောင့် သစ်သီးတင်ကားများသည် မတ်လ ၂ ရက်နေ့က ကုန်တင်ယာဉ်များ စတင်ပိတ်ဆို့ခြင်းဖြစ်ပြီး မတ်လ ၄ ရက်နေ့အထိ အစီးရေ ၁၇၅ စီး ဆက်လက်ပိတ်ဆို့နေခြင်းဖြစ်သည်။ "ကားတွေ နေ့ချင်း မဝင်နိုင်တဲ့အတွက် ၈ ကီလိုမီတာပဲရှိတဲ့လမ်းပိုင်းမှာ ၂ ရက်၊ ၃ ရက်အထိ ကြန့်ကြာသွားနိုင်တယ်" ဟု ဖရဲ၊ သခွား ကုန်သည် တစ်ဦးကပြောကြားသည်။ မတ်လ ၂ ရက်နေ့က ကုန်တင်ကားအစီးရေ ၁၀၀ ခန့်ပိတ်မိနေခြင်းဖြစ်သည်။

"လမ်းပိုင်းရယ်၊ ကားအရေအတွက်ရယ်၊ စစ်ဆေးမှုစနစ်ရယ်ကဖြစ်ကိုဖြစ်နေမယ့်ပြဿနာပါ။ ယာယီဝင်ထွက်ခွင့် ကတ်က တရုတ်ဘက်မှာ စစ်ဆေးမှုကြန့်ကြာစေတယ်။ စာအုပ်အနီနဲ့ဆို ပထမအခေါက်ပဲကြာပြီး ကျန်အခေါက်တွေ မြန်တယ်" ဟု ကုန်သည်တစ်ဦးက ပြောဆိုသည်။ မတ်လ ၄ ရက်နေ့တွင် ၈၅၅ ဖရဲစီးပြတ်ဈေးနှုန်းမှာ တရုတ်ငွေယွမ် ၅၀၀၀ မှ ၁၂,၀၀၀ ဈေးရှိပြီး ထဲန်ဝမ်ဖရဲစီးပြတ်ဈေးမှာ ယွမ် ၁၈,၀၀၀ မှ ၂၃,၀၀၀၊ ရွှေသခွားတစ်ကီလိုလျှင် ၁ ဒသမ ၅ ယွမ်မှ ၃ ဒသမ ၂ ယွမ်ပေါက်ဈေးရှိကြောင်း ချာညိုသစ်သီးပွဲရုံထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/333725/

## အမေရိကန်တစ်ဒေါ်လာ ကျပ် ၁၆၀၀ ထိ စံချိန်တင်မြင့်တက်ခဲ့တဲ့ ဒေါ်လာဈေး အကျဘက်ပြန်ရောက်

တစ်နှစ်ကျော်အတွင်း အတက်ဘက်မှာပဲရှိခဲ့တဲ့ အမေရိကန်ဒေါ်လာဈေးဟာ ဒီရက်ပိုင်းအတွင်း ကျပ် ၁၄၀၀ အောက်ကို ပထမဆုံးအကြိမ် ပြန်လည်ကျဆင်းသွားပါတယ်။ ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းကစလို့ အမေရိကန်ဒေါ်လာဟာ ကျပ် ၁၄၀၀ ကျော်ကနေ စတင်မြင့်တက်ခဲ့ပြီး နှစ်ကုန်ပိုင်းမှာ တစ်ဒေါ်လာကျပ် ၁၆၀၀ ကျော်ထိ စံချိန်တင်မြင့်တက်သွားခဲ့ပါတယ်။ ၂၀၁၉ မှာတော့ ကျပ် ၁၅၀၀ ကျော်နဲ့ အတက်အကျဖြစ်ခဲ့ပြီး အရင်လို ၁၄၀၀ ဝန်းကျင်ကို ပြန်မရောက်တာ လနဲ့ချီရှိနေတာပါ။

ခုတော့ အမေရိကန်ပြည်ထောင်စုမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူသေဆုံးမှုတွေရှိလာသလို ဒီရောဂါကြောင့် စီးပွားရေး တိုးတက်မှုမထိခိုက်စေဖို့ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေကို လျှော့ချလိုက်ပါတယ်။ ဒါကြောင့် အခုလို ဒေါ်လာ ဈေးတွေကျဆင်းလာတာလို့ ခန့်မှန်းမှုတွေရှိနေပါတယ်။ မတ်လ ၅ ရက်နေ့မနက်ပိုင်း ပုဂ္ဂလိကဘဏ်တွေရဲ့ ထုတ်ပြန်ချက် အရ အမေရိကန်တစ်ဒေါ်လာ ၁၃၉၅ ကျပ်ဖြစ်နေပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ဒေါ်လာဈေးကိုထိန်းညှိနိုင်ဖို့ ပြည်တွင်းကနေ ဒေါ်လာတွေဝယ်ယူထားတာလည်းရှိပါတယ်။

အခုလိုဒေါ်လာဈေးကျတာက ဒေါ်လာဝယ်လိုအားက ကျဆင်းတဲ့အတွက်ဖြစ်တယ်လို့ ဗဟိုဘဏ်ဒုဥက္ကဋ္ဌငြိမ်း ဦးသန်းလွင်ကပြောပါတယ်။ ဒ့ါအပြင် တစ်ကမ္ဘာလုံးမှာ ကိုရိုနာဗိုင်းရပ်စ်ဒုက္ခပေးနေတဲ့အတွက် ကမ္ဘာ့စီးပွားရေးမကျအောင် နိုင်ငံတွေက ကျားကန်နေရတဲ့အချိန်လို့လည်း သူကဆက်ပြောပါတယ်။ ဒီရောဂါကြောင့်ပဲ တစ်ကမ္ဘာလုံးမှာ ရှယ်ယာဈေးတွေ ကျတယ်။ ကုန်သွယ်ရေးတွေ ကသောင်းကနင်းတွေဖြစ်နေတယ်။ ဒီကြားထဲမှာတော့ မြန်မာလည်းမလွတ်ပါဘူး။ ဒီအကျိုးဆက်တွေက။ မြန်မာရဲ့စီးပွားရေးကလည်း တရုတ်ပြည်ကိုတော်တော်လေးမှီခိုနေရတဲ့အနေအထားရှိတာကိုး။ တရုတ်ပြည်ကပစ္စည်းတွေလည်းမလာ ဒီမှာလည်း ကုန်ကြမ်းတွေပြတ်နဲ့ အထည်ချုပ်တွေဆို ပိတ်ရမယ့်ကိန်းဆိုက်နေပြီ" လို့ သူကဆိုပါတယ်။ မြန်မာမှာတော့ခုထိ ဒီကိုရိုနာဗိုင်းရပ်စ်က ထူးထူးခြားခြားကျယ်ကျယ်ပြန့်ပြန့်မဖြစ်သေးပေမယ့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပိုင်းကတော့ စိတ်ပူစရာရှိတယ်လို့ ဦးသန်းလွင်ကဆိုပါတယ်။ပြည်တွင်းမှာ ဒါ်လာဈေးကျသလို ပြည်တွင်း စက်သုံးဆီဈေးနှုန်းတွေလည်းအနည်းငယ်ကျဆင်းနေပါတယ်။

**Source:** https://www.bbc.com

## လက်ရှိဘဏ္ဍာနှစ် မန္တလေးတိုင်းအတွင်း ပထမဆုံးရင်းနှီးမြှုပ်နှံသူအဖြစ် စင်ကာပူနိုင်ငံဖြစ်လာ

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ဘဏ္ဍာ ရေးနှစ်ငါးလတာအတွင်း ပထမဆုံးအဖြစ် စင်ကာပူနိုင်ငံက လာ ရောက်ရင်းနှီးမြှုပ်နှံထားတယ်လို့ မန္တလေးတိုင်းဒေသကြီးရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနကသိရပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အောက်တိုဘာလကနေ ဇန်နဝါရီ လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေမဝင်လာဘဲ နိုင်ငံ သားရင်းနှီး မြှုပ်နှံမှုလေးခုသာ ဝင်ရောက်ခဲ့ပါတယ်။ လက်ရှိ စင်ကာပူရင်းနှီးမြှုပ်နှံမှုတွေက ဖေဖော်ဝါရီလအတွင်း ဝင်ရောက် ခဲ့တာဖြစ်ပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွေ ထပ်မံဝင်ရောက်လာတာမရှိဘူးလို့ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန တာဝန်ရှိသူက ပြောပါတယ်။

စင်ကာပူနိုင်ငံက ကြက်ဘဲ အစားအစာ၊ ငါးပုစွန်အစားအစာနဲ့တိရိစ္ဆာန်အစားအစာတွေ ပြုပြင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချ လုပ်ငန်းမှာရင်းနှီ မြှုပ်နှံထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၁၀ သန်းပါ။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငါးလအတွင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွေအနေနဲ့ ဟိုတယ်နဲ့ခရီးသွားကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍတွေမှာရှိပါ တယ်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက စုစုပေါင်း ကျပ်ဘီလျံ ၆၈ ဘီလျံကျော်ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးမှာ ၂၀၁၉ နှစ်ကုန်အထိ နိုင်ငံပေါင်း ၁၆ နိုင်ငံက ရင်းနှီးမြှုပ်နှံ မှု ၇၉ ခု ရှိနေပါတယ်။ သည်ရင်းနှီးမြှုပ်နှံမှုတွေရဲ့ စုစုပေါင်းပမာဏက အမေရိကန်ဒေါ်လာ ကိုးဘီလျံနီးပါးရှိပါတယ်။ တရုတ်ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁. ၅ ဘီလျံနဲ့ အများဆုံးဖြစ်ပါတယ်။ စင်ကာပူ က ၁.၂ ဘီလျံ ဒုတိယနဲ့ဟောင်ကောင်က သန်း ၅၀၀ ကျော်နဲ့ တတိယ အများ ဆုံး ရင်းနှီးမြှုပ်နှံ ထား ပါတယ်။

**Source:** https://www.kumudranews.com/news-

## ဆောက်လုပ်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာ စိတ်ဝင်စားနေ အာမခံချက်ရှိပါက ဆောက်လုပ်ရေးကဏ္ဍ ပြန်ဖွံ့ဖြိုးလာမည်ဟုဆို



ဆောက်လုပ်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာက စိတ်ဝင်စားနေပြီး တိကျသေချာသည့် အာမခံချက်များရှိပါက ကျဆင်းနေသည့် ဆောက်လုပ်ရေးလုပ်ငန်း ပြန်လည်ဖွံ့ဖြိုး လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ သိရသည်။ "နိုင်ငံခြားမှာရှိနေတဲ့ မိတ်ဆွေတွေက ဆက်သွယ်တာတွေရှိတယ်။ သူတို့ ဘယ်အချိန်လောက် ဝင်လာရ မလဲ။ ဘယ်တော့လောက် လုပ်ငန်းစရင် ကောင်းမလဲဆိုတာကိုမေးပါတယ်။ ဆောက်လုပ်ရေး လုပ်ငန်းတွေက နိုင်ငံတကာရဲ့ အခြေအနေတွေ၊ နိုင်ငံတကာရဲ့ စီးပွားရေးအခြေအနေတွေ၊ ကုန်သွယ်မှုအပိုင်းတွေ၊ နိုင်ငံရေးတည်ငြိမ်မှုတွေ၊ စိတ်ချယုံကြည်စွာနဲ့ ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခြေအနေမျိုးတွေရှိတဲ့ အချိန်တစ်ခုပါပဲ။ ဒီအတိုင်းကြီးတော့ သေမသွားပါဘူး။ အာမခံချက်တွေလည်းရှိလာပြီ။ လုံခြုံ စိတ်ချရပြီဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ နိုင်ငံတကာကလည်း စိတ်ဝင်စားပြီးတော့ပါလာပြီဆိုရင် မလွဲမသွေပြန်လည် ဖွံ့ဖြိုးလာမှာပါ"ဟု မြန်မာ နိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဌွေးက မတ် ၅ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံအနေဖြင့် အထပ်မြင့်အဆောက်အအုံ လွန်စွာနည်းပါးနေခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အခွင့်အလမ်းများပြားခြင်းစသည်တို့ကြောင့် နိုင်ငံတကာက ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုကြောင်း ၎င်းက ဆက်လက်ပြောသည်။ "ကျွန်တော်တို့နိုင်ငံက လုပ်စရာတွေအများကြီးပဲ။ လက်ညှိုးထိုးမလွဲဘူး။ အဲဒီအတွက် ကျွန်တော်တို့နိုင်ငံကိုပဲ အဓိကထားပြီးတော့ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ချင်နေတဲ့သူတွေ အများကြီးပဲရှိပါတယ်။ အကြောင်း ညီညွတ်လာတာနဲ့တိုးတက်လာမှာပါ။လုံခြုံရမယ်။ စိတ်ချရမယ်။ သူတို့အတွက်ကို အာမခံချက်ရှိမယ်။ သူတို့ရဲ့ အိုးအိမ်စည်းစိမ်ကအစ စိတ်ချရမယ်။ သူတို့ လာရောက်ရင်းနှီးတဲ့နေရာမှာ သူတို့အတွက် စိတ်ချရဖို့လိုတယ်။ လွယ်ကူစွာ ဆောင်ရွက်နိုင်ဖို့လည်းလိုပါတယ်။ ကိုယ့်ဘက်ချည်းပဲ ကြည့်လို့မရဘူး။ သူတို့ဘက် အကျိုးကိုလည်းကြည့်ရမယ်"ဟု ဦးခင်မောင်ဌွေးကပြောသည်။

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းများမှာ ၂၀၁၅ ခုနှစ်မှ စတင်ကျဆင်းခဲ့ပြီး ယခုအစိုးရလက်ထက်တွင် အထပ်မြင့် အဆောက်အအုံများ ပြန်လည်စိစစ်ရန်အတွက် ရပ်ဆိုင်းခဲ့မှုများကြောင့် ပိုမိုဆိုးရွားခဲ့ကြောင်း၊ အိမ်ခြံမြေဈေးကွက်မှာလည်း ၂၀၁၂ မှ ၂၀၁၄ အထိ ဈေးအမြင့်ဆုံး ရွှေခေတ်ဖြစ်ခဲ့ပြီး အစိုးရအပြောင်းအလဲကြောင့် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်တွင် ငြိမ်သက်ခဲ့ရာမှ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ အခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံခဲ့ခြင်းကြောင့် အိမ်ခြံမြေဈေးကွက် ကျဆင်းခဲ့ကြောင်း သိရသည်။ "တကယ့်မြေပြင်မှာ လုပ်ရကိုင်ရတာ ခက်နေတယ်။ ဝန်ကြီးဌာနတစ်ခု ထဲမတူဘူး။ တချို့က ရတယ်၊ တချို့က မရဘူး၊ အဲဒီလို အခက်အခဲတွေရှိပါတယ်။ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံ သူတွေက နေရာပဲဦးထားချင်တယ်။ လက်တွေ့လုပ်ဖို့ နိုင်ငံရေးအခြေအနေတွေကြောင့် သိပ်ပြီးတော့ ထဲထဲဝင်ဝင် မလာကြသေးဘူးဖြစ်နေတယ်။ သူတို့ ငွေပမာဏနဲ့စာရင် သူတို့တစ်ခုခုဖြစ်ရင် အဆုံးရှုံးခံနိုင်တဲ့ ပမာဏလောက်ပဲ ဝင်သေးတယ်"ဟု ရန်ကုန် တိုင်းဒေသကြီး ကွန်ဒိုမီနီယံ ကြီးကြပ်ကော်မတီဝင် မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/136314.html

## COVID-19 ရိုက်ခတ်မှု ကြုံတွေ့နေသော မြန်မာ့ကုန်သွယ်ရေး



COVID-19 ဗိုင်းရပ်စ်အကျိုးဆက်ကို ဖရဲ၊ သခွားတောင်သူများပြီးလျှင် မြန်မာနိုင်ငံ၏ တိုးတက်မှုအားအကောင်းဆုံး အထည်ချုပ်ကဏ္ဍတွင် ကြုံတွေ့နေရသည်။ ကုန်ကြမ်းပြတ်လပ်မှု အခက်အခဲကြောင့် စက်ရုံ များ ယာယီပိတ်ရသည့် အခြေအနေအထိဖြစ်လာသည်။ "စက်ရုံတွေ ယာယီပိတ်တာက ဆက်ရှိနေနိုင်တယ်" ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ပြောသည်။

တရုတ်နိုင်ငံမှ ၉၀ ရာခိုင်နှုန်းကျော်သာ ပိတ်လိပ်ကုန်ကြမ်းများကိုတင်သွင်း၍ လက်ခစားစနစ်ဖြင့် အထည်များချုပ်ပြီး ပြည်ပတင်ပို့နေသော အထည်ချုပ်ကဏ္ဍသည် မြန်မာနိုင်ငံပို့ကုန်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော်ရှိသည်။ လက်ရှိအစိုးရ လက်ထက် မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ဦးဆောင်နေသော ကုန်စည်တစ်မျိုးလည်းဖြစ်သဖြင့် လက်ရှိအခြေအနေကိုစိန်ခေါ်မှုအဖြစ် စီးပွားကူးသန်း ဒုတိယဝန်ကြီး ဦးအောင်ထူးကရှုမြင်သည်။ "ခုချိန်မှာ မြန်မာကို ထိခိုက်တာက အထည်ချုပ်လုပ်ငန်းတွေ ပဲ" ဟု ဦးအောင်ထူးကပြောသည်။

လက်ရှိ တရုတ်နိုင်ငံတွင် အထည်လိပ်ကုန်ကြမ်းထုတ်လုပ်သည့်စက်ရုံများ လုပ်ငန်းစတင်သော်လည်း အလုပ်သမားအခက်အခဲ ဖြစ်နေသည်ဟု အထည်ချုပ် လုပ်ငန်းရှင်အချို့ကဆိုသည်။ နယ်စပ်မှဝင်လာသည့် အထည်လိပ်ကုန်ကြမ်း အနည်းငယ်လည်း လမ်းကြောင်းပိတ်နေခြင်း ကြောင့် ယခုမှတင်သွင်းခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောသည်။ ၂၀၁၉ အောက်တိုဘာ ၁ ရက်ကစတင်ပြီး ၂၀၂၀ စက်တင်ဘာ ၃၀ရက်တွင် အဆုံးသတ်မည့် ဘဏ္ဍာနှစ်အတွင်း အစိုးရက (မြန်မာနိုင်ငံမှ ပို့ကုန်၊ မြန်မာနိုင်ငံသို့တင်သွင်းသည့် ကုန်စည်)ကုန်သွယ်မှုတန်ဖိုးကို ဒေါ်လာ ၃၅ ဘီလီယံအထက်ရရှိမည်ဟုခန့်မှန်းထားသည်။ အထည်ချုပ်လုပ်ငန်းများမှထုတ်လုပ်သည့် ချုပ်ထည်ပို့ကုန်တန်ဖိုးကိုလည်း ဒေါ်လာငါးဘီလီယံအထက်ရရှိမည်ဟု စီးပွားကူးသန်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။ အစိုးရ၏ ခန့်မှန်းချက်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ကြိုဆိုလက်ခံခဲ့သည်။ သို့သော် COVID-19ရောဂါ စတင်ချိန်တွင် ကြုံလာရသည့်အခက်အခဲများက စီးပွားရေး လုပ်ငန်းရှင်များအတွက် စိုးရိမ် စရာဖြစ်လာသည်။ အလုပ်သမား ငါးသိန်းကျော်ပါဝင်နေသော အထည်ချုပ်ကဏ္ဍ၏ အကျပ်အတည်းကိုစိုးရိမ်သဖြင့် အနည်းဆုံး လုပ်ခလစာနှုန်းထားသစ်သတ်မှတ်မှုကို ရွှေ့ဆိုင်းပေးရန်အပါ အဝင်အချက်(၁၀)ချက်ကို စီးပွား ရေးလုပ်ငန်းရှင်များက အစိုးရထံ တင်ပြတောင်းဆိုခဲ့သည်။

ယင်းသို့ တောင်းဆိုမှုကို မြန်မာနိုင်ငံရှိ ဥရောပကုန်သည်ကြီးများအသင်းအပါအဝင် နိုင်ငံခြားကုန်သည် ရှစ်သင်း၊ ကုန်သည်၊ စက်မှုအသင်းချုပ်၊ အခြားသော စီးပွားရေးအသင်းအဖွဲ့အချို့နှင့် ဆွေးနွေးပြီးဆုံးဖြတ်ခြင်းဖြစ်သည်။ "အချိန် ကြာလာတာနဲ့ အမျှ သက်ရောက်မှု ပိုပြီးကြီးမားလာနိုင်ပါတယ်။ အခုတောင် အထည်ချုပ်နဲ့ ပို့ကုန်လုပ်ငန်းတွေမှာပိုပြီး ထိခိုက်မှုများလာပါပြီ" ဟု မြန်မာ နိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကဆိုသည်။ တရုတ်နှစ်သစ်ကူး ပိတ်ရက်နှင့် COVID-19 ကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် သုံးပတ်အတွင်း ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာသန်း ၂၀၀ ကျော် လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောထားသည်။ တရုတ်နှစ်သစ်ကူးပိတ်ရက် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတန်ဖိုးကို ယခင်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပြီး ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့် လွယ်ဂျယ်တို့မှ ပို့ကုန် ဒေါ်လာသန်း ၁၅၀ ကျော်နှင့် သွင်းကုန်ဒေါ်လာသန်း ၅၀ ကျော် လျော့နည်းခြင်းဖြစ်သည်။ COVID-19 ကြောင့် မြန်မာ နိုင်ငံတွင် ပထမဦးဆုံးထိခိုက်သည့် ပို့ကုန်ကဏ္ဍက ဖရဲသခွားတင်ပို့မှုဖြစ်သည်။ တရုတ်ဈေးကွက်တစ်ခုကိုသာ အားထားခဲ့ရသော သစ်သီးစိုက်တောင်သူများ၏ ဆုံးရှုံးမှုကြီးမားပြီး ပြန်လည် လုပ်ကိုင်ရန် ငွေကြေးအခက်အခဲရှိသည်ဟု

ချောင်းဦးမြို့နယ်မှသခွားမွေးစိုက် တောင်သူဦးဝင်းမြင့်ကဆိုသည်။ တစ်နှစ်လျှင် ဖရဲ၊သခွားမွေး တန်ချိန် ၁၀ သိန်းကျော် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသော မြန်မာနိုင်ငံသည် ယခုနှစ်ရာသီချိန်တွင် ကြီးမားသောအခက်အခဲများဖြစ်ခဲ့ရသည်ဟု ၎င်းကဆိုသည်။ COVID-19 ဗိုင်းရပ်စ်၏ သက်ရောက်မှုကိုမခန့်မှန်းနိုင်ခြင်းကြောင့် ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး ဈေးကွက် အသစ်များကိုရှာဖွေနေသည်ဟု ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သော ဆန်ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရောင်းချခြင်း၊ ပြောင်းဖူးစေ့ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခြင်းတို့ဆောင်ရွက်နေသည်ဟု ဥပမာ ပေးပြောပြသည်။

ထို့အပြင် ဖရဲ၊ သခွားများကို အရှေ့ဥရောပ၊ စင်ကာပူစသော နိုင်ငံများသို့ ဈေးကွက်ချဲ့ထွင်ရန် ကြိုးစား နေသည်ဟု ဆိုသည်။ သို့သော် ဈေးကွက်အသစ်တစ်ခုကို ရှာဖွေရာတွင် အချိန်ယူရမည်ဟု ဒုတိယဝန်ကြီးက ပြောသည်။ ထို့အပြင် တရုတ်အလွန် အခြားနိုင်ငံများ၊ ဈေးကွက်များသို့ ကုန်သွယ်ရေး ချဲ့ထွင်ရန် သံအမတ်များ၊ စီးပွားရေးသံမှူးများကို အသုံးချရန် စီးပွား၊ ကူးသန်းဝန် ကြီးဌာနက စီစဉ်နေသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကူအညီဖြင့် သံအမတ်များမှတစ်ဆင့် ကုန်သွယ်ရေးနှင့် စီးပွားရေး ချိတ်ဆက်ရန် ကြိုးစားနေသကဲ့သို့ စီးပွားရေးသံမှူး ၁၄ ဦး ၏စွမ်းဆောင်မှုများကိုလည်း အသုံးပြုရန် ဝန်ကြီးဌာနက စီစဉ်နေ သည်။ မြန်မာနိုင်ငံသည် အမေရိကန်၊ ဘယ်လ်ဂျီယံ၊ အိန္ဒိယ၊ ဂျပန်၊ ဟောင်ကောင်၊ တရုတ်နိုင်ငံ၊ စင်ကာပူ၊ ထိုင်း၊တောင်အာဖရိက၊ ဂျာမနီ၊ သြစတြေးလျနှင့် ဘရာဇီးနိုင်ငံတို့တွင် စီးပွားရေးသံမှူးများ စေလွှတ်ထားသည်။ သို့သော် တရုတ်နိုင်ငံအလွန် အခြားနိုင်ငံများသို့ ပို့ကုန်ဈေးကွက်မြှင့်တင်ရန် မြန်မာကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံငယ်အတွက် အခက်အခဲများရှိနေသည်။ တင်ပို့မည့် ကုန်ပစ္စည်း၏ အရည်အသွေးပိုင်းနှင့် လယ်ယာထွက်ကုန်များ ဖြစ်ပါက အပင်ပိုးမွှားကင်းရှင်းရေး၊ စိုက်ပျိုးနည်းစနစ်များ သတ်မှတ်နိုင်ရေးက အခက်အခဲများဖြစ်နေသည်။ မြန်မာနိုင်ငံမှ လယ်ယာ ထွက်ကုန်များ ပြည်ပသို့တင်ပို့ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကျန်မှု ပြဿနာမျိုးလည်း ရှိနေကြောင်း စီးပွားရေးလုပ်ငန်းရှင်အ ချို့ကဆိုသည်။ "ဥရောပဈေးကွက်ပို့တာနဲ့ တရုတ်ဈေးကွက်ပို့တာက မတူဘူးလေ။ ဥရောပက အရမ်းကို စစ်ဆေးတာ များတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဗဟို အလုပ်အမှုဆောင် ဦးမျိုးသူရအေးကဆိုသည်။

စိုက်ပျိုးရေးထုတ်ကုန်အပါအဝင် မြန်မာနိုင်ငံမှထုတ်ကုန်များကို ဈေးကွက်အသစ်ချဲ့ထွင်တင်ပို့နိုင်ရေး ကုန်ထုတ်လုပ်ငန်း တစ်ခုလုံးအတွက် ဘဏ္ဍာငွေကြေးလိုအပ်ချက်များရှိနေသည်။ လက်ရှိတွင် COVID-19 ကြောင့် ကြုံနေရသော အကျပ်အတည်း အတွက် ဘဏ္ဍာရေးအထောက်အပံ့များရရှိရန် စီးပွားရေးလုပ်ငန်းရှင်များ လိုလားနေသည်။ ကုန်သည်၊ စက်မှုအသင်းချုပ် ဦးဆောင်ပြီး စီးပွားရေးအသင်း အဖွဲ့များ၏ တောင်းဆိုချက် ၁၀ ချက်ထဲတွင် ဘဏ်အတိုးနှုန်း လျှော့ချရေး၊ ဘဏ်များမှ ချေးငွေ ထောက်ပံ့ပေးရေးတို့ တောင်းဆိုထားသည်။ ထိုအချက်များတွင် မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ကဏ္ဍဖြစ်သော အထည်ချုပ် ကဏ္ဍတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြားပဋိပက္ခများ မဖြစ်ပေါ်စေရေးကိုလည်း အစိုးရကကူညီထိန်းပေးရန် တောင်းဆိုထားသည်။ COVID-19 ကြောင့် စီးပွားရေးအကျပ်အတည်းကိုကျော်လွှားရန် စီးပွားရေးနှိုးဆွမှု အစီအမံနှင့် ကုန်သွယ်ရေးနှင့်သက်ဆိုင်သော မူဝါဒအပါအဝင်မူဝါဒများ ဖြေလျှော့ပေးရန်လိုသည်ဟု နိုင်ငံရေးဘောဂဗေဒပညာရှင် ဒေါက်တာဇော်ဦးကပြောသည်။ စီးပွားရေးနှိုးဆွမှုနှင့်ပတ်သက်ပြီး အစိုးရမှသီးသန့်ရန်ပုံငွေများထုတ်နုတ်ပြီး စီးပွားရေး လုပ်ငန်းများ၊ ကုမ္ပဏီများသို့ ထောက်ပံ့ပေးရန်ဆိုလိုခြင်းဖြစ်သည်။

မြန်မာ ဖရဲ၊ သခွားမွေးကို နှစ်သက်သော တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၁၉ ရက်နောက်ပိုင်းတွင် အဝယ်ပြန်လည်စတင်ခဲ့ သည်။ တစ်ရက်လျှင် ဖရဲ၊ သခွားမွေးကုန်တင်ယာဉ် အစီးရေ ၂၀၀ ကျော် တရုတ်နိုင်ငံသို့တင်ပို့နိုင်သည်ဟု အဝေးပြေးကုန်စည် ပို့ဆောင်ရေးအသင်း မူဆယ်ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။ ထို့အတူ ယခုရက်ပိုင်းတွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှု ပြန်လည် စတင်ခဲ့သည်။ တစ်ရက်လျှင် ဆန်ကွဲတန်ချိန် ၁,၀၀၀ ခန့် နှင့် ဆန်တန်ချိန်အချို့တင်ပို့ရောင်းချနေရကြောင်း ဦးမျိုးသူရအေးက ဆိုသည်။ စီးပွားကူးသန်းဝန်ကြီးဌာန စာရင်းများအရ မြန်မာနိုင်ငံနှင့် ကုန်သွယ်နေသောနိုင်ငံများတွင် တရုတ်နိုင်ငံသည် ကုန်သွယ်မှုအများဆုံးဖြစ်သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကုန်သွယ်မှုတန်ဖိုး ၃၅ ဘီလီယံကျော်တွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု တန်ဖိုး ဒေါ်လာ ၁၁ ဘီလီယံကျော်ရှိခဲ့သည်။ယင်းမှာ နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်း၏ သုံးပုံတစ်ပုံဖြစ်သည်။ တစ်လခန့် တုံ့ဆိုင်းသွားသော မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်နိုင်သော်လည်း ပုံမှန်အခြေအနေသို့ ပြန်လည် မရောက်သေးပေ။ တစ်ရက်လျှင် ကုန်သွယ်မှု ဒေါ်လာခြောက်သန်းပမာဏသာရှိပြီး ပုံမှန်ချိန်ထက် သုံးပုံ၊ တစ်ပုံကျော်သာ

ကုန်သွယ်နိုင်သည်။ ပုံမှန်အချိန်တွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး၌ ဒေါ်လာ ၁၅ သန်းခန့်ကုန်သွယ်မှုရှိကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင် လာခြင်းက မျှော်လင့်ချက်ကောင်းတစ်ခုဖြစ်လာသော်လည်း တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် COVID-19 ရောဂါ၏ အကျိုးဆက်ကို ခန့်မှန်းမရသေးပေ။ “ဝူဟန်ရဲ့အခြေအနေက ဘယ်လောက်အထိ ဖြစ်လာမလဲမသိသေးဘူး” ဟု စီးပွားကူးသန်း ဒုတိယ ဝန်ကြီးကပြောသည်။

**Source:** https://7day.news/detail?id=180524

## သွင်းကုန်အပါအဝင် ဈေးကွက်အတွင်း ဒေါ်လာဝယ်လိုအားကျဆင်းနေ၍ နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၃၈၅ ကျပ် ဝန်းကျင်အထိ ဆက်လက်ကျဆင်းကာ သုံးလအတွင်း ဒေါ်လာဈေး ခြောက်ရာခိုင်နှုန်းကျော်ကျဆင်း

သွင်းကုန်အပါအဝင် ဈေးကွက်အတွင်း ဒေါ်လာဝယ်လိုအားကျဆင်းနေ၍ ပြည်တွင်းဈေးကွက်၌ နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၃၈၅ ကျပ် ဝန်းကျင်အထိ ဆက်လက်ကျဆင်းခဲ့ကာ သုံးလအတွင်း ဒေါ်လာဈေး ခြောက်ရာခိုင်နှုန်းကျော် တန်ဖိုးကျဆင်းလာကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှသိရသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ဒေါ်လာဈေး ကျပ် ၁၅၀၀ အောက် ကျဆင်းခဲ့ပြီး ယခုမတ်လဆန်းတွင် ကျပ် ၁၄၀၀ အောက်သို့ ဆက်လက်ကျဆင်းခြင်းဖြစ်ကာ ၂၀၁၈ ခုနှစ် ဇူလိုင်လဆန်းနောက်ပိုင်း အနိမ့်ဆုံးဈေးဖြစ်ခဲ့သည်။ လအလိုက်နှိုင်းယှဉ်ပါက ဒေါ်လာဈေးသည် သုံးလအတွင်း ခြောက်ရာခိုင်နှုန်းကျော်၊ ခြောက်လအတွင်း ကိုးရာခိုင်နှုန်းကျော်အထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ခြောက်လအတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်းများမှာ စက်တင်ဘာတွင် ၉၉ ဒသမ ၂၈ ပွိုင့်၊ အောက်တိုဘာတွင် ၉၉ ဒသမ ၂၉ ပွိုင့်၊ နိုဝင်ဘာတွင် ၉၈ ဒသမ ၄၃ ပွိုင့်၊ ဒီဇင်ဘာတွင် ၉၈ ဒသမ ၂၉ ပွိုင့်၊ ဇန်နဝါရီတွင် ၉၈ ဒသမ ၀၀၇ ပွိုင့်၊ ဖေဖော်ဝါရီတွင် ၉၉ ဒသမ ၈၁၂ ပွိုင့် ဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း ၂၀၁၈ ခုနှစ် ဇွန်လမှစတင်ကာ သိသိသာသာမြင့်တက်ခဲ့ရာ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့် ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထားကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၁၉ ရက်တွင် ၁၆၂၂ ကျပ်၊ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံးစံချိန် ထပ်တင်ခဲ့သည်။ ဒေါ်လာဈေးသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျပ် ၁၄၈၀ အထိ ကျဆင်းခဲ့သော်လည်း တစ်လအတွင်း ဆက်တိုက်မြင့်တက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ အထိ အမြင့်ဆုံးစံချိန်တင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၁၅၁၅ ကျပ်အထိ ပြန်ကျခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၁၅၉၀၊ အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၁၆၀၀ အထိ ပြန်လည်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ်အထိ ပြန်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၁၅ ရက်တွင် ၁၅၁၅ ကျပ်အထိ၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ်အထိ ကျဆင်းခဲ့ သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ မေ ၁၄ ရက်တွင် ၁၅၃၈ ကျပ်အထိ ပြန်တက်ခဲ့ပြီး ဇွန် ၁ ရက်တွင် ၁၅၂၉ ကျပ် ဝန်းကျင်ရှိခဲ့သည်။ ဩဂုတ် ၂၆ ရက်တွင် ၁၅၁၄ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ၁၅၆၅ ကျပ်အထိ မြင့်တက်ခဲ့ကာ ဒီဇင်ဘာ ၂၅ ရက်မှစတင်ဘာ တစ်ဒေါ်လာ ကျပ် ၁၅၀၀ အောက် ကျဆင်းခဲ့သည်။

ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြား ငွေလဲနှုန်း အနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများမှာ ၂၀၁၉ ခုနှစ် မတ်တွင် ၁၅၀၈-၁၅၂၇ ကျပ်၊ ဇွန်တွင် ၁၅၁၇-၁၅၂၉ ကျပ်၊ ဇူလိုင်တွင် ၁၅၀၈-၁၅၁၇ ကျပ်၊ ဩဂုတ်တွင် ၁၅၁၀-၁၅၂၆ ကျပ်၊ စက်တင်ဘာတွင် ၁၅၂၇ -၁၅၆၅ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈- ၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀-၁၅၂၄ ကျပ်၊ ဒီဇင်ဘာတွင် ၁၄၈၅-၁၅၁၃ ကျပ်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၁၄၆၅-၁၄၉၃ ကျပ်၊ ဖေဖော်ဝါရီတွင် ၁၄၃၆-၁၄၆၅ ကျပ်တို့ ဖြစ်သည်။ ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်တွင်ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၁၅၅၀ ကျပ်၊ စင်ကာပူဒေါ်လာ ၁၀၀၅ ကျပ်၊ မလေးရှားရင်းဂစ် ၃၃၅ ကျပ်၊ ထိုင်းဘတ် ၄၄ ဒသမ ၆ ကျပ်၊ တရုတ်ယွမ် ၂၀၃ ကျပ်ဖြစ်သည်။

**Source:** https://news-eleven.com/article/162759

## ပွင့်လင်းရာသီကာလတွင် အုတ်ဈေးကောင်းသော်လည်း လုပ်သားရှားပါးမှုတွေ့ကြုံနေ




မကွေးတိုင်းဒေသကြီး မင်းဘူးဒေသတွင် ပွင့်လင်း ရာသီ၌ အုတ်ဖိုလုပ်ငန်းလုပ်ကိုင်နေသူများမှာ အုတ်ဈေး ကောင်းသော်လည်း အုတ်လုပ်ငန်းလုပ်ကိုင်ရန် လုပ်သားရှားပါးမှုကြုံတွေ့နေရကြောင်း အုတ်လုပ်ငန်း လုပ်ကိုင်နေသူများထံမှသိရသည်။ ယခင်က အုတ်တစ်ချပ် ကျပ် ၈၀ ဈေးရှိခဲ့ရာမှ ယခုလပိုင်းတွင် အုတ်တစ်ချပ်လျှင် ကျပ် ၁၀၀ အထိ ဈေးမြင့်တက်လာကြောင်းသိရသည်။ "ယခုလို ပွင့်လင်းရာသီကာလဆို ဆောက်လုပ်ရေးလုပ်ငန်းတွေက အများများ သလို အဆောက်အအုံဆောက် လုပ်သူတွေကလည်း အမှာရှိတယ်။ ဒီနှစ်ပိုင်းအုတ်လုပ်ငန်းအတွက် မြေနေရာငှားရမ်းခတွေ၊ လိုင်စင်ခတွေ၊ အခွန်ဈေးမြင့်လာသလို အုတ်ဖိုအတွက် လိုအပ်တဲ့လောင်စာဖြစ်တဲ့ ထင်း၊ စပါးခွံတွေကလည်း ဈေးမြင့်လာခဲ့တယ်။ နောက် အုတ်ရိုက်တဲ့ အလုပ်သမားရှားပါးလာတာတွေလည်း ကြုံတွေ့နေရတယ်။ အဲဒီ အတွက် အုတ်ရိုက်တဲ့ အလုပ်သမားတွေ၊ မိသားစုတွေကို ကြိုတင်ငွေထုတ်ပြီး ရှင်းပေးထားရတယ်"ဟု မင်းဘူးမြို့နယ် ကျွဲသိုးမြောင်ကျေးရွာနေ KH အုတ်လုပ်ငန်းရှင် ဦးကျော်ငွေးက ပြောသည်။

အုတ်ရိုက်သည့် အလုပ်သမားများကို အုတ်တစ်ချပ်ရိုက်ခ ၁၈ ကျပ်ဈေးရှိပြီး လူတစ်ယောက် အုတ်တကယ်ရိုက်မည်ဆိုလျှင် တစ်နေ့ ကျပ် ၄၀၀၊ ၅၀၀ လောက်အထိရိုက်နိုင်ကြောင်း၊ ယမန်နှစ်က အုတ်တစ်ချပ် ကျပ် ၈၀ ဈေး ရှိခဲ့ပြီး ယခုအုတ်တစ်ချပ် ကျပ် ၁၀၀ နှင့် အုတ်ဖိုနေရာ၌ပင် ရောင်းချကြောင်း၊ မှာယူသူများကို နေရာအကွာအဝေးပေါ်မူတည်ပြီး သယ်ဆောင်ခ၊ ကားခရှင်းပေးရကြောင်း၊ ယခုကာလ အုတ်ဈေးကောင်းနေသော်လည်း အော်ဒါများသောကြောင့် အုတ်ဖိုကထွက်သည့် အုတ်ထုတ်မလောက် ရောင်းကောင်းကြောင်း ၎င်းကပြောသည်။ "ကျွန်တော်တို့ မိသားစုတွေ လယ်ယာချိန်ပြီးပြီဆို အုတ်ဖိုရှိတဲ့ နေရာတွေကိုပြောင်းပြီး အုတ်ရိုက်တယ်။ အုတ်ဖိုတစ်ဖိုမှာ အလုပ်သမား ၂၀ လောက်အလုပ်လုပ်တယ်။ အုတ်တစ်ချပ် ရိုက်ခ ၁၈ကျပ်နဲ့ မိသားစု အားနဲ့ဆို တစ်နေ့ကို အုတ်စိမ်း ၁၂၀၀၊ ၁၃၀၀ လောက်ရိုက်ရတယ်။ ညဘက် အုတ်ဖို မီးထိုးမယ်ဆို မီးထိုးခ တစ်ည ကျပ် ဖယ၀၀၀ ရတယ်။ ဒီလိုပဲ မိသားစု စားဝတ်နေရေးအတွက် အလုပ်လုပ်ရပါတယ်"ဟု အုတ်ဖိုတွင် အလုပ်လုပ်နေသူ ဦးတင်ဝင်းက ပြောသည်။ မင်းဘူး (စကု)မြို့နယ်အတွင်းတွင် တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်နေသည့် အုတ်ဖိုပေါင်း ၄၀ ကျော် ထိရှိပြီး အုတ်ဖုတ်လုပ်ငန်းကို ပွင့်လင်းရာသီနိုဝင်ဘာလမှ မတ်လ၊ ဧပြီလလောက်အထိ အဓိကလုပ်ကိုင်ကြပြီး အုတ်ဖို တစ်ဖိုလျှင် တစ်ရာသီပျမ်းမျှ အုတ်လုံးရေ ခြောက်သိန်းမှရှစ်သိန်းလောက်အထိ ထုတ်လုပ်ကြကြောင်း အုတ်ဖိုလုပ်ငန်း လုပ်ကိုင်သူတို့ထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/136308.html

## မြန်မာ့ကော်ဖီ ဈေးနှုန်းမြင့်မားနေ



မြန်မာ့ကော်ဖီဈေးနှုန်းမှာ အထွက်နှုန်းနည်းပါးမှုနှင့်ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားမှုကြောင့် ကမ္ဘာ့ကော်ဖီဈေးကွက်ဈေးနှုန်း မြင့်မားနေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းလှိုင်၏ ပြောဆိုချက်အရသိရပါတယ်။ လတ်တလောမှာတော့ ကမ္ဘာ့ကော်ဖီ Commercial 1kg လျှင် အမေရိကန် ဒေါ်လာ ၂ ဒေါ်လာခန့်ရှိပြီး Premium 1kg လျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာခန့်ရှိကာ မြန်မာ့ကော်ဖီ 1kg လျှင် အမေရိကန်ဒေါ်လာ ၄ ဒေါ်လာအထိ ရှိနေကြောင်း သိရပါတယ်။

၎င်းပြင် ကမ္ဘာ့ဈေးကွက်တွင် ကော်ဖီဈေးနှုန်းများ ကျဆင်းလျက်

ရှိရာ ယခုနှစ်အတွင်း ထိုင်းနိုင်ငံမှထွက်ရှိ တဲ့ ကော်ဖီများမှာ ဈေးနှုန်းနည်းပါးတဲ့အတွက်ကြောင့် ဈေးကွက်ရရှိနိုင်ကြောင်း သိရပါတယ်။ ထို့ပြင် ကော်ဖီဟာ တစ်နှစ်ခြား အထွက်နှုန်းနည်းပါးလေ့ရှိတဲ့အပြင် ယခုနှစ်ကော်ဖီသီးပွင့်တဲ့ရာသီချိန်အတွင်း ရာသီဥတုအခြေအနေများကြောင့် အထွက်နှုန်း ပိုမိုနည်းပါးခဲ့ကြောင်းသိရပါတယ်။ မြန်မာ့ကော်ဖီဟာ ကမ္ဘာ့ဈေးကွက်တွင် အထူးတန်းဝင်ကော်ဖီဖြစ်သော်လည်း အထွက်နှုန်း နည်းပါးကာ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားနေတဲ့အတွက် ဈေးနှုန်း မြင့်မားနေခြင်းဖြစ်ကြောင်းသိရပါတယ်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2759-myanma-coffee-prices.html

## ကုန်သွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အီလက်ထရောနစ်ဘဏ်အာမခံကို စင်ကာပူဘဏ်များက စတင်ထုတ်ပေးပြီ

ကုန်သွယ်ရေးလုပ်ငန်းများက ဘဏ်အာမခံ (Bank Guarantee) ရရှိရန်လျှောက်ထားရသော လုပ်ငန်းစဉ်နှင့်ဘဏ် အာမခံအား စင်ကာပူအကောက်ခွန်သို့ တင်ပြရသည့်လုပ်ငန်းစဉ်များအတွက် အချိန်ကြန့်ကြာမှုများကို လျှော့နည်း သက်သာ သွားစေရန် စင်ကာပူအကောက်ခွန်ဌာန၏ အီလက်ထရောနစ် ဘဏ်အာမခံအစီအစဉ် (eBG programme) ကို ၂ ၃. ၂၀၂၀ ရက် နေ့တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

ကုန်သွယ်ရေးအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ်လုပ်ငန်းများက ဒီဂျစ်တယ် အသွင်ကူးပြောင်း ဆောင်ရွက်နိုင်ရန် စင်ကာပူရှိ DBS နှင့် OCBC ဘဏ်တို့က ကြိုးပမ်းလျက်ရှိကြောင်းနှင့် eBG programme အရ ၎င်းတို့၏ ပထမဆုံး အီလက်ထရောနစ်ဘဏ်အာမခံများကို စတင်ထုတ်ပေးနိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ထိုအစီအစဉ်အရ ဘဏ်များသည် ကုန်သွယ်မှုလုပ်ငန်းများက လျှောက်ထားလာသော ဘဏ်အာမခံများကို စင်ကာပူ အကောက်ခွန်ဌာနသို့ အွန်လိုင်းမှတစ်ဆင့် ပေးပို့နိုင်မည်ဖြစ်ပါသည်။ DBS ဘဏ်က ဤအစီအစဉ်ကြောင့် ယခင်က အလုပ်လုပ်ရက် ၄ ရက်ကြာမြင့်သည့် လုပ်ငန်းစဉ်ကို ၂၄ နာရီထက်နည်းသောအချိန်ဖြင့် ဆောင်ရွက်လာနိုင်ကြောင်းနှင့် OCBC ဘဏ်သည် အလုပ်လုပ် ရက် ၇ ရက်ကြာမြင့်ခဲ့သောလုပ်ငန်းစဉ်ကို ယခုအခါ တစ်ရက်တည်းဖြင့် ဆောင်ရွက်လာနိုင်ကြောင်း ပြောကြားကြပါသည်။

ဤအစီအစဉ်သည် စင်ကာပူသို့တင်သွင်းသည့်သွင်းကုန်များအတွက် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေနိုင်သော အခြေအနေကို လျှော့နည်းသက်သာသွားစေသည့် အကျိုးကျေးဇူးရှိကြောင်း၊ ယခင်က OCBC ဘဏ်၏ ဖောက်သည် တစ်ဝက် ခန့်သည် ကုန်သွယ်ရေးလုပ်ငန်းအတွက် ဘဏ်ဝန်ဆောင်မှုရရှိရန် လူကိုယ်တိုင်စာရွက်စာတမ်းများဖြင့် ဘဏ်သို့ လာရောက် လျှောက်ထားခဲ့ကြရာမှ ယခုအခါ ဘဏ်၏ အွန်လိုင်းစနစ်မှတစ်ဆင့် လျှောက်ထားမှုများ ပြုလုပ်လာကြကြောင်း၊ ဘဏ်များ၏ Trade Finance လုပ်ငန်းစဉ်အတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းနိုင်ရန် အချိန်ကြာမြင့်မှုရှိခဲ့သော်လည်း ယခုနှစ်အနည်းငယ် အတွင်းမှာပင် တိုးတက်မှုအရှိန်ရရှိလာခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘဏ်အာမခံထုတ်ပေးမှုအပိုင်းတွင် အပြည့်အဝ ဒီဂျစ်တယ် အသွင်ကူးပြောင်းဆောင်ရွက်လာနိုင်ခြင်းသည် ကုန်သွယ်ရေးလုပ်ငန်းများအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း OCBC ဘဏ်က ပြောကြားပါသည်။

**Source: The Business Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## လုပ်သားအင်အားလိုအပ်ချက်ရှိနေသော လုပ်ငန်းများအတွက် အထောက်အကူပြုမည့်အစီအစဉ်ကို စင်ကာပူစီးပွားရေးလုပ်ငန်းအဖွဲ့ချုပ်ကဆောင်ရွက်

COVID – 19 ကူးစက်ပြန့်ပွားမှုကြောင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတို့တွင် လုပ်သားလိုအပ်ချက် ဖြစ်ပေါ်နေသည့်အခြေအနေကို အထောက်အကူပြုပေးနိုင်မည့် ယာယီအစီအစဉ်တစ်ခုကို စင်ကာပူစီးပွားရေးလုပ်ငန်းအဖွဲ့ချုပ် (Singapore Business Federation – SBF) က ၂ – ၃ – ၂၀၂၀ ရက်နေ့တွင် စတင်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

ယင်းအစီအစဉ်မှာ (၆)လကာလအတွက် ယာယီအစီအစဉ်ဖြစ်ပြီး၊ SBF က စင်ကာပူရှိ လုပ်သားအင်အား မလုံလောက်သည့်အခက်အခဲ ကြုံတွေ့နေရသောလုပ်ငန်းများအတွက် တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့် (Work Permit) လျှောက်ထားရရှိထားသည့်လုပ်သားများ၏ ပါမစ်များကို ပြန်လည်ရုပ်သိမ်းရန် စီစဉ်နေသောလုပ်ငန်းများနှင့် လုပ်သားအလွှဲအပြောင်းပြုလုပ်နိုင်ရန် ချိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လုပ်ငန်းများအကြား လုပ်သားများလွှဲပြောင်းနိုင်ရန်အတွက် သင့်တော်သည့်လွှဲပြောင်းမှုအစီအမံကို သဘောတူရမည်ဖြစ်ပြီး၊ လုပ်သားများသည် လုပ်ငန်းကဏ္ဍတူညီသော အခြားလုပ်ငန်းတစ်ခုသို့သာပြောင်းရွှေ့လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

"SBF Manpower Connect" ဟု အမည်ပေးထားသည့် ယင်းဝန်ဆောင်မှုအစီအစဉ်ကို ပထမလအတွင်း အခမဲ့ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း နောက်ပိုင်းလများတွင် ဝန်ဆောင်ခနှုန်းထားသတ်မှတ် ကောက်ခံသွားမည်ဖြစ်ပါသည်။ ဤအစီအစဉ်ကို ဆောင်ရွက်သွား ရန်ရှိကြောင်း SBF က စတင်ကြေညာခဲ့သည့် ၂၅ .၂.၂၀၂၀ ရက်နေ့မှစ၍ စုံစမ်းမေးမြန်းမှုများစွာကို လက်ခံရရှိခဲ့အတွက် ဤအစီအစဉ်ဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသော အခြေအနေကို ဖော်ပြနေကြောင်း၊ ယခုကဲ့သို့ ခက်ခဲမှုကြုံတွေ့နေရသောကာလတွင် လုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိစေရေး ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားသည့်ကာလအတွင်း လုပ်ငန်းများအားပံ့ပိုးပေးနိုင်ရန် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးဌာနနှင့် အနီးကပ်ပူးပေါင်းလျက် စောင့်ကြည့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကိုလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အထူးအလေးထားစီမံဆောင်ရွက်သွားကြရန်နှင့် သို့မှသာခက်ခဲသည့်ကာလကျော်လွန်ချိန်တွင် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို လျင်မြန်စွာပြန်လည်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း SBF က တိုက်တွန်းလျက်ရှိပါသည်။

SBF သည် လွှဲပြောင်းလုပ်ကိုင်နိုင်မည့် လုပ်သားများ၏ သတင်းအချက်အလက်များကို စုစည်းသွားမည်ဖြစ်ပါသည်။ လုပ်ငန်းများအကြား လုပ်သားများလွှဲပြောင်းဆောင်ရွက်နိုင်ရန် ချိတ်ဆက်ပေးမှုအောင်မြင်ပါက လုပ်သားငှားရမ်းမည့်လုပ်ငန်းများသည် သဘောတူညီကြောင်း အထောက်အထားကို SBF သို့ တင်ပြရန်လိုအပ်ကြောင်း၊ ယင်းအထောက်အထားတင်ပြမှုအပေါ် SBF က အတည်ပြုလက်ခံပါက လုပ်သားငှားရမ်းမည့်လုပ်ငန်းများသည် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနသို့ Work Permit လျှောက်ထားနိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: The Business Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## Thura News Views

**Myanmar halts cruise ship amid coronavirus scare**

Myanmar blocked a cruise ship carrying more than 400 passengers after it docked in Thailand and other countries with confirmed cases of the novel Coronavirus.

The ship, which is operated by Silversea Cruises, had previously landed in Phuket, Thailand (a country with around 50 coronavirus cases), before setting sail for Myanmar, according to a report by Reuters. However, officials from the Ministry of Health and Sport denied any of the passengers entry, claiming that they may carry the disease even if they have not yet shown symptoms.

The move may seem extre me, however some argue that it is such stringent precautions that has kept Myanmar officially coronavirus-free while its neighbors scramble to nip their own outbreaks in the bud. In December and Jan-uary, Myanmar very quickly responded to the budding epidemic which has now infected more than 90,000 people worldwide. It suspended flights from airports near the city of Wuhan (the apparent source of the outbreak) and heavily screened arriving visitors, especially from China. Recently, Myanmar quarantined 22 people who had had close contact with a Korean tourist who was later diagnosed with the virus after return to her home country.

Yet even if the virus has not revealed itself in Myanmar’s population, it has in its economy. Tourism numbers have plunged, border trade has stalled and merchants and manufacturers have found themselves unable to

move their products to China. On the other hand, the Directorate of Investment and Company Administration has claimed that the virus has not seriously damaged foreign direct investment.

**Corn crop latest focus in Thai border trade developments**

The Myanmar Corn Association is overseeing the development of corn wholesale collection centers in the border town of Myawaddy as the country builds its trade infrastructure with Thailand. The sites are expected to open in April.

U Min Khine, chair of the Myanmar Corn Association, told the Myanmar Times: "We realized having such centers would be better after Myanmar began exporting more corn to Thailand last year. As there were no central collection points for corn crops, prices were being dictated by buyers making deals wherever they could."

Corn is one of Myanmar's principle agricultural exports, although it is mainly produced and exported to be used for animal feed rather than for human consumption. Like rice, most of Myanmar's corn is exported to China with ex-ports to Thailand expected to increase, hence the development of the collection centers. While agriculture is Myan-mar's chief industry, it still exports a relatively small portion of what it grows.

The centers will be merely one in a series of infrastructure projects to deepen trade ties between Thailand and Myanmar. Last year ended in the completion of a long-awaited new bridge spanning the Moei River, which separates the two countries. Officials from both sides also agreed to facilitate trade made in Thai Baht and Myanmar Kyat rather than the US dollar. Further south, Thailand is financing a new highway linking Dawei to the Thai border. Dawei is the site of the development of the Dawei Special Economic Zone.

**Yangon Stock Exchange gains new company**

A sixth company will soon be traded on the Yangon Stock Exchange (YSX). Logistics firm Every Flow River Group Pub-lic Co (EFR) will join the bourse on March 20th, with its initial share price reveled on March 19.

EFR will begin trading at a high point. The company, which provides shipping, air freight, warehousing and other services, had reported a MMK 3 million loss in the 2017-2018 fiscal year. But it managed to turn things around the following year, thanks to lucrative projects under the government's National Logistics Master Plan. These include projects in Yangon and Mandalay, according to a Myanmar Times report: in Mandalay, EFR is establishing a new distribution center under the aegis of the government's National Logistics Master Plan. In Yangon, EFR is planning a USD 46 million inland terminal near the Shwe Lin Ban Industrial Zone. With these developments, EFR reported earn-ings of around MMK 2 billion last fiscal year.

EFR may not be the only company to join the bourse as the YSX expands and reforms. The Securities and Ex-change Commission of Myanmar has announced that foreigners will soon be able to buy up to 35 percent of traded companies' shares, and last month an insider told the Myanmar Times that the rule change would come into effect in March. Furthermore, in August, YSX announced its busiest month to date with 322,176 shares traded, valuing MMK 1.9 billion.

The stock exchange has five listed companies (not counting EFR): First Myanmar Investment (FMI), Myanmar Thilawa SEZ holdings, First Private Bank, Myanmar Citizens Bank and TMH Telecom.

**Power investment has topped USD 1 billion since October**

Foreign investment in the power sector has reached USD 1 billion over the first four months of the fiscal year, official data shows.

The investments came from foreign companies working with the government and local partners to develop power plants, transmission lines and other infrastructure. According to data from the Directorate of Investment and Company Administration (DICA), power is currently Myanmar's top sector for foreign investment.

Much of that investment has come from China and Hong Kong, and more is on the way. As recently as February, Hong Kong's VPower Group agreed to invest USD 800 million in three new power plants. In January, Power China Company met with the Ministry of Electricity and Energy (MOEE) to discuss potential solar con-tracts. In

December, Hong Kong-listed CNTIC Vpower Company announced plans to invest over USD 500 mil-lion in two different electricity generation, supply and sale projects in the Yangon Region and Rakhine State.

In 2015, Myanmar developed a master plan that aims to supply 100 percent of its population with power by 2030. The details of the plan are continually updating as the sector develops, however estimates at the time called for around USD 30 billion of new investment. Myanmar, however, is not waiting on its domestic infrastructure to begin filling its short term power supply gaps. Last month, MOEE said it may begin buying power directly from China, and in August the government awarded five emergency tenders to generate power with imported liquid natural gas, four of which went to VPower Group.

**Source: Thura Swiss News (Issue 406 March 05, 2020)**

# STOCK EXCHANGE (6.3.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 6th Mar. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 1,581 | 18,534,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 2,738 | 10,815,100 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 1 | 8,400 | 10,400,986 | 87,368 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,000 | 22,000 | 22,000 | 5 | 110,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 49 | 139,800 | 12,823,224 | 36,546 |

## Market summary

As of 6th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 480.11 | +8.53 | +1.81% | 471.58 | 480.11 | 470.21 | 4,374 | 29,607,300 | 5 | 657,422 |

### Index chart



# Market Overview

As of 1:00 pm, 6th Mar. 2020

| MYANPIX | 480.11 ▲ 8.53 |
|---|---|
| Total Volume (shares) | 4,374 |
| Total Value (MMK) | 30 mil |
| Listed Company | 5 |
| Market Cap. (MMK) | 657,422 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,850 | ▼ 50 |

TIR